ACLU of Wisconsin
207 E Buffalo St. Suite 325
Milwaukee, WI 53202
www.ACLU-WI.org
414.272.4032

## သင်၏ အခွင့်အရေးများကို သိထားပါ

ရဲတပ်ဖွဲ့နှင့် တွေ့ဆုံမှုများ
အိတ်ဆောင်လမ်းညွှန် 2023

ဤအချက်အလက်သည် ဥပဒေရေးရာ အကြံဉာဏ်တစ်ခုအဖြစ် မရည်ရွယ်ပါ – ဥပဒေများမှာ အပြောင်းအလဲရှိနိုင်သည်။

## တိုင်ချက်ဖွင့်ပါ

သင့်အခွင့်အရေးများကို ချိုးဖောက်ခံရသည်ဟု ယုံကြည်ပါက ရှေ့နေတစ်ဦးထံ ဆက်သွယ်၍ ချက်ချင်း တိုင်ချက်ဖွင့်ပါ။ ပိုမိုလေ့လာရန် QR ကုဒ်ကို စကန်ဖတ်ပါ -

သင်၏ အမှုအား ခိုင်မာအောင်လုပ်ပါ

အောက်ပါတို့အပါအဝင် သင်မှတ်မိသမျှကို တတ်နိုင်သမျှ အမြန်ဆုံးချရေးထားပါ - အမည်၊ တံဆိပ် သို့မဟုတ် ကားနံပါတ်၊ နေရာနှင့် အချိန်နှင့် မျက်မြင်သက်သေများ။

ထိခိုက်ဒဏ်ရာရရှိပါက ချက်ချင်း ဆေးကုသမှုခံယူပြီး သင့်ဒဏ်ရာများကို ဓာတ်ပုံရိုက်ထားပါ။

## သင့်အတွက် အန္တရာယ်ကို မည်သို့လျှော့ချမည်နည်း

စိတ်တည်ငြိမ်အောင်ထားပါ။ တရားမျှတမှုမရှိဟု ထင်လျှင်ပင် မပြေးပါနှင့် သို့မဟုတ် မခုခံပါနှင့်။ သင့်လက်များကို ရဲများမြင်နိုင်သည့်နေရာတွင် ထားပါ။ ရုတ်တရက် လှုပ်ရှားမှုများကို ရှောင်ပါ။ ရဲတပ်ဖွဲ့ဝင်တစ်ယောက်ကို မည်သည့်အခါမှ မထိပါနှင့်။

သင် ပြောသမျှ သို့မဟုတ် လုပ်သမျှကို သင့်ကိုဆန့်ကျင်ရာတွင် အသုံးချနိုင်သည်ကို သတိရပါ။ သင်၏ စကားလုံးများ ၊ လှုပ်ရှားမှုများ ၊ ခန္ဓာကိုယ်ဘာသာစကားများနှင့် စိတ်ခံစားချက်များကို ဂရုတစိုက်စဉ်းစားပါ ။ ဥပဒေရေးရာအရာရှိတစ်ဦးနှင့် အငြင်းပွားမှု မဖြစ်ပါစေနှင့်။ သင်တိုင်ချက်ဖွင့်မည်ဟု ရဲတစ်ယောက်အား မခြိမ်းခြောက်ပါနှင့်။

ရဲတပ်ဖွဲ့မှ သင့်ကားကို ရပ်တန့်ခိုင်းခဲ့ပါက သင့်လက်များကို စတီရီယာရင်ဘီးပေါ်တွင်

ဆက်လက်ထားရှိနိုင်ရန်အတွက် သင်၏ ယာဉ်မောင်းလိုင်စင်၊ မှတ်ပုံတင်နှင့် အာမခံသက်သေ အထောက်အထားတို့ကို အဆင်သင့်ပြင်ထားပါ။

သင့်မိသားစုနှင့် သင့်ရှေ့နေ၏ ဖုန်းနံပါတ်များကို မှတ်မိအောင်လုပ်ထားခြင်းဖြင့် ဖြစ်နိုင်ခြေရှိသော ဖမ်းဆီးမှုအတွက် ပြင်ဆင်ထားပါ။ သင့်တွင် ကလေးများရှိပါက သို့မဟုတ် ဆေးဝါးသောက်နေပါက အရေးပေါ်အစီအစဉ်များ ရေးဆွဲပါ။

အောက်ပါတို့ဖြစ်လာခဲ့လျှင် သင့်အခွင့်အရေးများကို သိထားပါ...

**... သင့်ကို လမ်းပေါ်တွင် ရပ်တန့်ခိုင်းလျှင်**

သင် သွား၍ရပြီလားဟု မေးပါ။ ရသည်ဟုဖြေပါက အေးဆေးစွာ လမ်းလျှောက်ထွက်လာပါ။ မရပါဟု ဖြေပါက သင့်ကို ထိန်းသိမ်းသည့်အကြောင်းရင်းကို မေးပါ။ ရဲတပ်ဖွဲ့က သင့်ကိုထိန်းသိမ်းရန်အတွက် ကျိုးကြောင်းညီသော သံသယ (ရာဇဝတ်မှုတစ်ခု ကျူးလွန်ထားသည့်၊ ကျူးလွန်လျက်ရှိသည့် သို့မဟုတ် ကျူးလွန်မည့် လူတစ်ယောက်ဖြစ်ကြောင်း ယုတ္တိတန်သော ညွှန်ပြချက်) ရှိရပါမည်။

သင့်အနေဖြင့် မေးခွန်းများကို မဖြစ်မနေ ဖြေဆိုရန်မလိုအပ်ပါ။ သင်၏ စကားမပြောဘဲနေခွင့်ကို ကျင့်သုံးလိုပါက "ကျွန်မ/ကျွန်တော် စကားမပြောလိုပါ" ဟု ပြောပါ။ ဝစ်ကွန်ဆင်းပြည်နယ်တွင် ရဲတစ်ဦးထံ သင့်ကိုယ်သင် မည်သူဖြစ်ကြောင်းဖော်ထုတ်ရန် ငြင်းဆန်ခြင်းသည် အဆိုပါ ငြင်းဆန်မှုက ရဲစုံစမ်းစစ်ဆေးမှုအား အနှောင့်အယှက်မဖြစ်စေလျှင် ရာဇဝတ်မှုမမြောက်ပါ။

သင့်ကို ရဲတစ်ဦးမှ "လက်ဖြင့်ပုတ်ရှာမည်" သို့မဟုတ် လက်ဖြင့်စမ်း၍ရှာမည်ဆိုလျှင် မခုခံပါနှင့်။ "ရဲအရာရှိ၊ ကျွန်တော်/ကျွန်မ ရှာဖွေမှုကို သဘောမတူပါ"ဟု အေးအေးဆေးဆေးပြောပါ။ ရဲတပ်ဖွဲ့ဝင်သည် လက်နက်တစ်ခုဟု သံသယရှိလျှင် သင့်ကို လက်ဖြင့်စမ်း၍ ရှာဖွေနိုင်သည်။

**...သင် ရှာဖွေခံရမည်ဆိုလျှင်**

သင် သဘောတူညီချက်မပေးပါက (ရဲမှ သင်၊ သင့်အိမ်၊ သို့မဟုတ် သင့်ယာဉ်ကို ရှာဖွေရန် ခွင့်ပြုချက်) သို့မဟုတ် ဖြစ်နိုင်ချေရှိသော အကြောင်းရင်း (မူးယစ်ဆေးဝါးများ တွေ့ရှိခြင်း သို့မဟုတ် အနံ့ရခြင်း၊ လက်နက် စသဖြင့်)အတွက် အထောက်အထားမရှိပါက ဝရမ်းတစ်ခုမပါဘဲ သင့်ကိုရှာဖွေ၍ မရနိုင်ပါ။ ဝရမ်းမပါရှိဘဲ ရှာဖွေခြင်းကို သဘောမတူဘဲ ငြင်းဆန်သည့်အတွက် သင့်အား ရဲတစ်ဦးမှ ဖမ်းဆီးခြင်းသည် ဥပဒေနှင့်မညီပါ။ "ရဲအရာရှိ၊ ကျွန်တော်/ကျွန်မ ရှာဖွေမှုကို သဘောမတူပါ"ဟု အေးအေးဆေးဆေးပြောပါ။ သင်သဘောတူပါက ၎င်းသည် နောင်တွင် တရားရုံး၌ သင့်အခွင့်အရေးများအပေါ် သက်ရောက်မှုရှိနိုင်သည်။

အရာရှိထံတွင် ဝရမ်းတစ်ခုရှိပါက ၎င်းကိုဖတ်ပြရန်ပြောပါ။ ရဲတပ်ဖွဲ့သည် သင့်အမည် သို့မဟုတ်

လိပ်စာဖော်ပြထားပြီး တရားသူကြီးတစ်ဦးမှ လက်မှတ်ထိုးထားသည့် ဝရမ်းတစ်ခု မပါရှိလျှင် သို့မဟုတ် အချို့သော အရေးပေါ်အခြေအနေများ မဟုတ်လျှင် သင့်အိမ်ထဲသို့ ဝင်နိုင်မည်မဟုတ်ပါ။ သင်ဖမ်းဆီးခံရပါက ရဲတပ်ဖွဲ့သည် သင်နှင့် သင်ဖမ်းဆီးခံထားရသော အခန်းကို ရှာဖွေနိုင်သည် ။

**... သင့်ကို ဖမ်းဆီးထိန်းသိမ်းထားလျှင်**

အဆင့် 1 တိတ်ဆိတ်စွာနေပါ
သင် ရဲတပ်ဖွဲ့နှင့်စကားမပြောမီ စကားမပြောဘဲ နေခွင့်ရှိပြီး ရှေ့နေတစ်ဦးနှင့် စကားပြောခွင့်ရှိသည်။ သင်၏ အမည်နှင့် လိပ်စာကိုသာ ပေးပါ။ အခြားမည်သည့်မှပေးရန် မလိုပါ။ ရှင်းပြခြင်း၊ ဆင်ခြေပေးခြင်း သို့မဟုတ် ဇာတ်လမ်းဆင်ခြင်းများ မလုပ်ပါနှင့်။ သင့်အနေဖြင့် တရားရုံးတွင် ရှေ့နေတစ်ဦး၏ အကူအညီဖြင့် သင့်အမှုကို ချေပခွင့်ရှိပါမည်။

အဆင့် 2 - ရှေ့နေတစ်ဦးတောင်းဆိုပါ
ရှေ့နေတစ်ဦး ချက်ချင်းတောင်းဆိုပါ။ အကယ်၍ သင်သည် ရှေ့နေတစ်ဦး မငှားရမ်းနိုင်ပါက သင့်အတွက် အခမဲ့ ခုခံကာကွယ်ပေးမည့် ရှေ့နေတစ်ဦး ရနိုင်ပါသည်။

အဆင့် 3 - ဖုန်းခေါ်ဆိုမှုပြုလုပ်ပါ
သင့်လျော်သော အချိန်ပမာဏတစ်ခုအတွင်း သင့်တွင် ဖုန်းခေါ်ဆိုခွင့်ရှိသည်။ ရဲတပ်ဖွဲ့သည် သင်၏ ရှေ့နေတစ်ဦးထံ ဖုန်းခေါ်ဆိုမှုကို နားမထောင်နိုင်သော်လည်း သင်၏ အခြားသူများထံ ဖုန်းခေါ်ဆိုမှုများကို နားထောင်နိုင်ပါသည်။